ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# National Community Driven Development Project
# လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




## ကြက်တူရွေးကျေးရွာအုပ်စု
## ကော့ကြားကျေးရွာ

လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် ၂၀၂၀


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲမြို့နယ်အခြေပြမြေပုံ ............................................................................ | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) ........................................................................ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ..................................................... | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ........................... | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း<br>လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား .................................... | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools<br>တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) .............................. | ၇ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) .............................................. | ၉ |
| | ၃။ ဥစ္စာခနေကြွယ်ဝမှုပြဇယား (Wealth Ranking) ........................................ | ၁၁ |
| | ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) ............................................. | ၁၃ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ............................... | ၁၅ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)................................. | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၂၁ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) ....................................................................... | ၂၂ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) ..................................................................... | ၂၆ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) ......................................................... | ၂၇ |
| | အစည်းဝေးမှတ်တမ်းများ ......................................................................... | ၂၉ |
| | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ....................................................... | ၃၁ |

## ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လှိုင်းတွဲမြို့နယ် ၊ ပိုင်ကျုံမြို့ ၊ ကြက်တူရွေးကျေးရွာအုပ်စုမြေပုံ
N
မဲပရကျေးရွာအုပ်စု
ပေါက်လောက်
ကျေးရွာ
အုပ်စု
ကြက်တူရွေး
ဘုရားကုန်း
ထီးဖိုးခွီး
ကော့တကြား
ကွန်းစု
ထီးဖိုးကိန်ကျေးရွာအုပ်စု
ညွှန်း ချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာအုပ်စု/ကျေးရွာ
မြစ်/ချောင်း
ကားလမ်း/လှည်းလမ်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ကော့ကြား

၂။ ဝါးဆူးကလား

၃။ ယာခလုံးနိုင်

၄။ ငှက်ပျောတော

၅။ ဘုရားကုန်း

၆။ တကုတို

၇။ သပိုးထို

၈။ ထီးဖိုးခီ

၉။ ကော့ကြားမကော်

၁၀။ ကျောင်းစု

၁၁။ ကျွန်းစု

၁၂။ ကမား

## ၁။ ကျေးရွာနောက်ခံသမိုင်းကြောင်း

ကော့ကြားစုကျေးရွာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဗိုင်ကျုံမြို့နယ်(ခွဲ)၊ ကြက်တူရွေးကျေးရွာအုပ်စုထဲမှကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ကော့ကြားချောင်းဘေးတစ်လျှောက်ကပ်လျက်တည်ရှိပြီး အရှေ့ဘက်အရပ်၌ရှိသော ဒေါနတောင်တန်းနှင့်နီးကပ်စွာ တည်ရှိကာ လက်ရှိဖောက်လုပ်ပြီးစီးသည့်ထီလုံ-နဘူး-ပတ-ကော့ကရိတ်အာရှလမ်းမကြီး ဖြတ် သွားသည့်ကျေးရွာတစ်ရွာဖြစ်သည်။ ကော့ကြားစုကျေးရွာတွင် အိမ်ခြေ-(၅၁)၊ အိမ်ထောင်စု- (၅၄)၊ လူဦးရေ ကျား-(134)+မ-(149)= -ဦးရှိပါသည်။ သက်ကြီးရွယ်အို(၆၅)နှစ်နှင့်အ ထက်(17)ဦးရှိကာ၊မသန်စွမ်း( 5 )ဦးနှင့်အမျိုးသမီးဦးစီးအိမ်ထောင်စု( 8 )စုရှိပါသည်။ တစ်ရွာ လုံးပိုးကရင်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။

ကော့ကြားစုကျေးရွာသည် ရှေးမိုလူကြီးများ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်းများစွာ ကတည်းက တည်ရှိခဲ့ပြီးဖြစ်ကာ ကြက်တူရွေးအုပ်စုကျေးရွာအဖြစ် ပထမဦးစွာပါရှိသည့်ကျေးရွာစာရင်းဝင်တစ်ရွာဖြစ်သည်။ ကော့ကြားစုကျေးရွာခေါ်ခြင်းမှာ ကျေးရွာနှင့်နီးကပ်စွာတည်ရှိသည့် ကော့ကြားချောင်း၏အမည်ကို အစွဲပြုကာ ကော့ကြားစုကျေးရွာအမည်တွင်ခြင်းဖြစ်သည်။ ကျေးရွာသည် အင်္ဂလိပ်နှင့်ဂျပန်အုပ်ချုပ်စဉ်ကာလများအပါအဝင် လွတ်လပ်ရေးရပြီးနောက် ဖြတ်လေးဖြတ်ဟုတင်စားတိုက်ပွဲ၊(၈၈)အရေးအခင်းတိုက်ပွဲ၊တိုင်းရင်းသားလက်နက်ကိုင်နှင့်တပ်မတော်တို့ဖြစ်ပွားသည့်တိုက်ပွဲစသည်တို့တွင် တောက်လျှောက်စစ်ဘေးစစ်ဒဏ်အပြင်းအထန် ခံစားရသည်။ နောက်ဆုံး ကေအင်န်ယူ၊ DKBA, BGF အထိစသောလက်နက်အဖွဲ့များ၏ တိုက်ပွဲများကြားတွင်လည်း ဖြတ်သန်းခံစားရသေးသည်။ထို့ကြောင့်လည်း ကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့်အပိုင်းများတွင် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနောင့်နှေးလျက်ရှိပါသည်။

ကျေးရွာတွင် ပညာရေးအပိုင်းအနေဖြင့်အတော်အားနည်းကာ ရှေးအခါက ဘုန်းကြီးကျောင်းနေရသည့် ဘုန်းကြီးကျောင်းသားကိုရင်ဦးဇင်းအမျိုးသားတစ်ချို့သာ ပညာအနည်းငယ်တတ်မြောက်ကြသည်။ ၁၉၉၄-ခုနှစ် DKBA ပေါ်လာပြီးနောက်ပိုင်းတွင်မှ ရွာဦးဆရာတော်မှဦးဆောင်ကာ ဘုန်းတော်ကြီးသင်ပညာရေးစတင်ဖွင့်လှစ်လာကာပညာရေးအခွင့်အလမ်း ရရှိလာခဲ့သော်လည်း ရှေးယခင်ခံစားခဲ့ရသော စစ်ဘေးစစ်ဒဏ်များကြောင့်ကျေးရွာလူထုများက ပညာရေးကို စိတ်ဝင်စားမှုအားနည်းနေသည်။ ယခုအခါတွင်ပညာရေးကဏ္ဍအနေဖြင့် ဆရာတော်ဘုရားနှင့်လူထုများ၏ပူးပေါင်းဦးဆောင်မှုဖြင့်မူလွန်(ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်း ကျောင်းများတည်ရှိလာပြီးဖြစ်သော်လည်းကျောင်းဆောင်နှင့်ကျောင်းပရိဘောဂများပြည့်စုံရန် များစွာလိုအပ်လျက်ရှိနေသေးသည်။ ကော့ကြားစုကျေးရွာရှိကလေးများသည် အုပ်စုမူလွန်(ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်းတို့ကို သွားရောက်ပညာသင်ယူကြသည်။

ကျေးရွာ၏ အဓိကအသက်မွေးကြောင်းအလုပ်အကိုင်မှာလယ်ယာလုပ်ငန်းဖြစ်သည်။ စားသောက်ရန်အတွက်သာဖြစ်ပြီး အပိုအလျှံဝင်ငွေရရောင်းချနိုင်ရန်မရှိသောကြောင့်ကျေးရွာ ရှိလူဦးရေအများစုသည် တောင်ပေါ်တက်ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကြသည်။ကျေးရွာ တွင်ဝင်ငွေပုံမှန်ရသောအလုပ်အကိုင်မရှိခြင်း၊ ကျေးရွာထွက်အရင်းအမြစ်များ အသုံးမချတတ်ခြင်း၊ ဈေးကွက်မရှိခြင်းမသိခြင်းတို့ကြောင့် အခက်အခဲများ

ကြုံတွေ့ရကာ အဓိကထိုင်းနိုင်ငံကို မှီခိုနေရသည်။ ကျေးရွာတွင်လူအများစုလယ်လုပ်ကြပြီး ဈေးရောင်းသူနှင့်သစ်လုပ်ကိုင်သူများလည်းအနည်းငယ်ရှိကာ တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့်စိုက်ပျိုးရေး လုပ်ကိုင်သူများလည်း အနည်းငယ်ရှိကြသည်။ ယခုနောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးသူအနည်းငယ်ရှိလာသော်လည်း ရော်ဘာဈေးကျခြင်းကြောင့် ဝင်ငွေရအောင်ရော်ဘာခြစ်အကောင်အထည်ဖော်မှုမရှိသလောက်ခြင်းတို့ကြောင့် ကျေးရွာလူထုအများစု စီးပွားရေးပြေလည်မှုမရှိသောအခက်အခဲကြုံတွေ့နေရပါသည်။

လမ်းပန်းဆက်သွယ်အပိုင်းအနေဖြင့် ၂၀၁၆–ခုနှစ်နောက်ပိုင်းအာရှလမ်းမကြီးဖော်လုပ်ခြင်းကြောင့် အဆင်ပြေချောမွေ့လာသော်လည်း ကျေးရွာတွင်းလမ်းပိုင်းများတွင် အဓိကအခက်အခဲအဖြစ်ကြုံတွေ့နေရသည်။ အထူးသဖြင့် ကျောင်းသူ/သားကလေးများ မိုးတွင်းပိုင်းတွင် စက်ဘီးဆိုင်ကယ်သွားများဖြင့် သွားလာရန်အခက်အခဲရှိနေသောကြောင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ၂၀၁၅–ခုနှစ်တွင် စေတနာအလှူငွေတစ်ချို့ဖြင့် စတင်ဖောက်လုပ်ခဲ့ကာ ၂၀၁၆–ခုနှစ်တွင်လည်း နိုင်ငံတော်ရန်ပုံငွေဖြင့် ပြုပြင်ဖော်လုပ်ပြီးခဲ့သော်လည်းရန်ပုံငွေနည်းခြင်းနှင့် လူထုအားပါဝင်ရန်စိတ်ဆန္ဒရှိသော်လည်း စားဝတ်နေရေးအဆင်မပြေမှုကြောင့်ငွေအင်အားပါဝင်မှုနည်းပါးခြင်းကြောင့် လမ်းသည်ကောင်းမွန်စွာသွားလာနိုင်မှုမရှိသေးဘဲ အဓိက မိုးတွင်းတွင်းပိုင်း တွင် ပျက်ဆီးပွက်ထစသောအခက်အခဲများကြုံတွေ့နေရဆဲဖြစ်သည်။

ကျန်းမာရေးအနေဖြင့် အုပ်စုဆေးခန်းကို အားထားမှီခိုနေရသည်။ တစ်ခါတစ်ရံ ဝန်ထမ်းဆရာ/မများမရှိသောအခက်အခဲများတော့ရှိသည်။ ထို့ပြင် ကျေးရွာလူထုများ၏ ပညာရေးအားနည်း၍ ကျန်းမာရေးအသိပညာနည်းပါးသောကြောင့်ကာကွယ်ဆေးထိုးခြင်းများ အခက်အခဲရှိနေသေးသည်။

ကျေးရွာတွင် အဓိကထိတွေ့နေရသောအဖွဲ့အစည်းများမှာ အစိုးရအုပ်ချုပ်ရေးအဖွဲ့၊ ကေအင်န်ယူ၊ ဘီဂျီအက်ဖ်၊ ငြိမ်းချမ်းရေးစသောအဖွဲ့များနှင့်ထိတွေ့ဆက်ဆံနေရသည်။


ကော့ကြားစုကျေးရွာသည် ၂၀၁၀–ခုနှစ်နောက်ပိုင်းနယ်မြေ အခြေအနေအေးချမ်းလာပြီးနောက် အာရှလမ်းမကြီးဖြစ်ထွန်းလာကာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသော ကျေးရွာတစ်ရွာဖြစ်သော်လည်း ပညာရေးအားနည်းခြင်း၊ ဝင်ငွေရသောအလုပ်အကိုင်ပုံမှန်မရှိ၍ စားဝတ်နေရေးအဆင်မပြေခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ ရှေးယခင်စစ်ဘေးစစ်ဒဏ် ကြောင့်ကြောက်ရွံ့စိတ်များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့် ကျန်းမာရေး၊ပညာရေး၊လူမှုရေး၊လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း စသောကဏ္ဍဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ | ဦးတည်အုပ်စုများ | အစည်းအဝေး | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ကော်မတီဝင်များ၊ ကျေးရွာလူထုများအားလုံး။ | ၇ | ၁၀ | အခြေခံအဆောက်အအုံများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ကျေးရွာရှိသဘာဝအရင်းအမြစ်များ။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) | ကော်မတီဝင်များ၊အမျိုးသား/ အမျိုးသမီး၊ဆင်းရဲနွမ်းပါးသူများ။ | ၆ | ၉ | စိုက်ပျိုး၊ရိတ်သိမ်းကာလ(တောင်ယာ၊လယ်ယာ)၊စီးပွားရေး၊ဝင်ငွေရရှိမှု၊ပွဲတော်ချိန်၊ရာသီဥတု၊ကျန်းမာရေးဆိုင်ရာရေရရှိမှု။ |
| ၃ | ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking) | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး စသောအုပ်စုများ | ၇ | ၁၀ | ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန် လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄ | ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီး များ | ၁၃ | ၁၉ | အမျိုးသားနှင့်အမျိုးသမီး များတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်း အရင်းများကိုဖော်ထုတ် ဆွေးနွေးခြင်း။ |
| ၅ | အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) | ကျေးရွာလူထုအားလုံး။ | ၇ | ၁၀ | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့်လူမှုဆိုင်ရာအရင်း အမြစ်များအားမည်သူကအသုံးပြုပြီးမည်သူက ထိန်းချုပ်ထားရှိခြင်း |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့၊ကျေးရွာလူထု | ၆ | ၉ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သော လုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့်ချိတ် ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံအချက်အလက် (PC 1) | အမျိုးသား၊အမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၁၀ | ၈ | အိမ်ခြေ၊လူဦးရေ၊လူမျိုး၊ဘာသာစသော ကျေးရွာ အခြေခံအချက်အလက်များ ဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများ၊မျှော်မှန်းချက်များ၊ကျေးရွာဖွံ့ဖြိုးရေးဦး စားပေးလုပ်ငန်းများဖော်ထုတ်ခြင်း။ (PC 3) | အမျိုးသား၊အမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၂၀ | ၂၈ | ကျေးရွာတွင်းရင်ဆိုင်နေရသောအခက်အခဲများ၊ ကျေးရွာလူထု၏ မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်း များဖော်ထုတ်နိုင်ရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအမည် = ကော့ကြား    ကျေးရွာအုပ်စု = ကြက်တူရွေး    ရက်စွဲ 21.6.2019

ပါဝင်ဆွေးနွေးသူဦးရေ ကျား (၇) ဦး + မ (၁၀) ဦး

* ကော့ကြားကျေးရွာသည် ၄ နှစ်အတွင်း သိသာစွာ တိုးတက်ပြောင်းလဲ ကြပါသည်။

* အိမ်ထောင်စု (၆၄) စုဖြင့် ဖွဲ့စည်းထားပါသည်။ တစ်ရွာလုံး ကရင်(ပိုး) လူမျိုးများသာ ဖြစ်ပါသည်။ လူမျိုးခြားမရှိပါ။

* တစ်ရွာလုံး ဒီးပါး လယ်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။


* လမ်းမကြီးတွင် ရှိနေသော်လည်း ရွာတွင်းလမ်းများ မိုးရာသီတွင် ရွှံ့ထူမှုကြောင့် သွားလာရ ခက်ခဲလွန်းလှပါသည်။

* မိုးရာသီတွင် ရေလုံလောက်မှု ရှိသော်လည်း နွေရာသီတွင်မူ တစ်ရွာလုံး ရေလုံလောက်မှု မရှိပါ။

* ကျေးလက်ဆေးပေးခန်းနှင့် ဒီးဝေသာကြောင့် ကျန်းမာရေး အခက်အခဲ မရှိပါ။

* လျှပ်စစ်မီး မရှိသဖြင့် ညဘက် သွားလာခြင်း၊ ကျောင်းသား/သူများ စာဖတ်ရန် အခက်အခဲ ရှိခြင်း။

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)




21.6.2019


## ရာသီဥတုပြက္ခဒိန် ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း

ကျေးရွာ = ကောကြ    အုပ်စု = ကြက်တွေ့ရွေး    ရက်စွဲ = ၉.၇.၂၀၁၈

ပါဝင်ဆွေးနွေးသူဦးရေ ကျား ( ၆ ) ဦး ၊ မ ( ၅ ) ဦး

* ဝါဆိုဝါခေါင်လတွင် စပါးများကို စိုက်ပျိုးကြပါသည်။
* တော်သလင်း၊ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် ငရုတ်၊ ခရမ်း၊ ဘူး၊ စသည့်သီးနှံတို့ကို စိုက်ပျိုးကြပါသည်။ ပြာသိုလတွင် ပဲအမျိုးကို စိုက်ပျိုးကြပါသည်။
* တန်ခူး၊ ကဆုန်နှင့်နယုန်လတို့တွင် တောထဲသို့ အများ ဝင်၍ ခုတ်ထွင်ကြပါသည်။ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် စပါးများကို ရိတ်သိမ်းကြပါသည်။
* [illegible] ကျင်းပကြပါသည်။ [illegible] ပြာသိုလတွင် ကရင်ရိုးရာ လက်ချည်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပကြပါသည်။
* စပါးရိတ်သိမ်းပြီးချိန်၊ ဟင်းသီးဟင်းရွက် [illegible] ချိန်တို့တွင် အပိုဝင်ငွေများ ရှာဖွေ၍ ကျန်အချိန်များတွင် [illegible] များ ကျောင်းကြပါသည်။

## ၃။ ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)



ဥစ္စာဓနကြွယ်ဝမှုပြဇယား

ကျေးရွာ-ကောကြား ရက်စွဲ-21.6.2019

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော အုပ်စု | သစ်အိမ်၊ သွပ်မိုး၊ ကား၊ ဆိုင်ကယ်၊ ထော်လာ၊ ကျွဲ၊ နွား၊ ခြံဝင်း၊ ဝက်၊ ကြက်၊ TV၊ အောက်စက် | ၁၀ | ၁၈ |
| အသင့်အတင့် အုပ်စု | သစ်အိမ်၊ ဖက်မိုး၊ ဆိုင်ကယ်၊ ကြက်၊ ဝက်၊ နွား | ၂၆ | ၄၆ |
| ချို့တဲ့သော အုပ်စု | ဝါးအိမ်၊ ဖက်မိုး၊ ဖက်ကာ၊ ကြက် | ၂၀ | ၃၆ |

56

ဥစ္စာဓန ပိုင်ဆိုင်မှုပြဇယား အကဲဖြတ်သုံးသပ်ချက်များ

ကျေးရွာအမည်= ကော့ကြား    ကျေးရွာအုပ်စု = ကြက်တူရွေး    ရက်စွဲ= ၉.၇.၂၀၁၇

21.6.201

ပါဝင်ဆွေးနွေးသူများ  ကျား ( 7 ) ဦး + မ (10) ဦး


* ကော့ကြားကျေးရွာတွင် အဆင်ပြေသောအုပ်စု၊ အသင့်အတင့်အုပ်စု၊ အဆင်မပြေသော အုပ်စု ဟူ၍ အဆင့် (၃) ဆင့် သတ်မှတ်ထားပါသည်။

* တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လယ် (၁၀) ဧကအထက်၊ ထော်လာဂျီ၊ ကျွဲ (၂၀) အထက်၊ နွား (၁၅) ကောင်အထက်၊ ဝက်၊ ဆိုင် စသည်တို့ကို ပိုင်ဆိုင်ထားပါက အဆင်ပြေသော အုပ်စုဟု သတ်မှတ်ကြပါသည်။

* သစ်သားအိမ်၊ ဆိုင်ကယ်၊ လယ် (၂) ဧက၊ စက်ဘီး၊ ကျွဲ၊ နွား၊ ဆိုင်၊ ဝက် စသည်တို့ကို ပိုင်ဆိုင်ထားပါက အသင့်အတင့် အုပ်စုဟု သတ်မှတ်ကြပါသည်။

* ဓနိအိမ်၊ စက်ဘီး၊ ကျပန်းလုပ်ကိုင်ကြရသူများ စသည်တို့ကို အဆင်မပြေသော အုပ်စုဟု သတ်မှတ်ကြပါသည်။

## ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



ပဋိပက္ခ အမြစ်ပြဇယား ရေးဆွဲခြင်း

နှင့် ဆန်းစစ်ခြင်း


ကျေးရွာ - ကောကြာ        အုပ်စု - ကြက်တော့ချေ        ရက်စွဲ - ၉.၇.၂၀၁၈ 21.6.2019


ပါဝင်ဆွေးနွေးသူဦးရေ ကျား (၁၃) ဦး + မ (၁၄) ဦး

- ရပ်ရေးရွာရေး ပါဝင်မှု၊ ပညာရေး၊ ဝင်ငွေရရှိမှု၊ အမွေအနှစ်များတွင် ပါဝင်မှု စသည်တို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးရ ရှိကြပါသည်။

- မိသားစု အပေါ် ဂရုစိုက်မှု၊ အိမ်မှုကိစ္စ၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း စသည်တို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် အားသာချက် ရှိနေပါသည်။

## ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping)




21.6.2019
ပိုင်ဆိုင်မှု
ကျား
မ
ကျား + မ
ချောင်း
ရေတွင်း
လယ်
လမ်း
စာသင်ကျောင်း


## ကျေးရွာအတွင်း တွင်ရှိသော အရေးအမြစ်များအား သုံးစွဲမှုနှင့်ထိန်းချုပ်မှု


### အခြေအနေပြဇယား ဆန်းစစ်သုံးသပ်ချက်များ

ကျေးရွာအမည်-ကော့ကြား    ကျေးရွာအုပ်စု- ကြက်တူရွေး    ရက်စွဲ- 21.6.2019

- ရွာတွင် အမျိုးသမီးများ သီးသန့်သုံးစွဲသော / ထိန်းချုပ်သော အရေးအမြစ်မရှိပါ။
- ရွာတွင် အမျိုးသားများ သီးသန့်သုံးစွဲသော / ထိန်းချုပ်သော အရင်းအမြစ်မရှိပါ။
- သချိုင်း၊ လယ်၊ လမ်း၊ တံတား၊ ရေတွင်း၊ အိမ်သာ၊ ကျောင်းဆောင် စသည်တို့သည် အမျိုးသား နှင့် အမျိုးသမီး အတူတကွ သုံးစွဲပြီး အတူတကွ ထိန်းချုပ်ကြပါသည်။
- အမျိုးသမီးများ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများနှင့် တန်းတူ ဆွေးနွေးကြပြီး ဆုံးဖြတ်ချက် တူတူချကြသည်။

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)




21.6.2019
ကျေးရွာနှင့် ချိတ်ဆက်နေသော အဖွဲ့အစည်းများ
ကျေးရွာတွင်း အဖွဲ့အစည်း
ကျေးရွာပြင်ပ အဖွဲ့အစည်း

## အဖွဲ့အစည်း ချိတ်ဆက်မှု ပြဿနာ

### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာ = ကော့ကြား    အုပ်စု = ကြက်တူရွေး    ရက်စွဲ = 21.6.2019

ပါဝင်ဆွေးနွေးသူဦးရေ ကျား ( ၆ )ဦး + မ ( ၄ )ဦး

---

* ကော့ကြားကျေးရွာ ရှိ ရွာတွင်းအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ စသည့်အဖွဲ့အစည်းများဖြစ်ပါသည်။
* ကျေးရွာပြင်ပအဖွဲ့အစည်းများမှာ မြို့နယ်ရုံး၊ မီးသတ်ရုံး၊ ရဲစခန်း စသည်တို့ဖြစ်ပါသည်။
* အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ စသည့် ရွာတွင်းအဖွဲ့အစည်းများသည် ရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေး စသည်တို့နှင့် ပတ်သက်သော ကိစ္စရပ်အဝဝကို ဦးဆောင်ပေးလျက်ရှိပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း





## ၆။ ကျေးရွာအချက်အလက်များ(PC 1)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါလူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကိုမေးမြန်းရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေး မတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦး အောင်ဖေမိုး | 09768244868 | နန်းသူဇာဖြိုး |

| ပြည်နယ်၊ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရှမ်း | လွိုင်းကော် | ကြက်ဝက္ကရှေး | ကောင်း ကြား |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပအိုဝ်း | 56 | ဘာသာ(၁)- ဗုဒ္ဓ | 56 |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |
| မကြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | 7 ဦး |
| သက်ကြီးရွယ်အိုများ (အသက် ၆၀ နှင့် အထက်) | 18 ဦး |
| အမိုးအကာမဲ့ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | 186 | 202 | 388 |
| လူမျိုးစု (၁) ပိုးကရင် | 186 | 202 | 388 |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးရေ | 48 | 8 | 56 |

(၃)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

ဝန်ဆောင်မှုပေးသူများ မှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် အခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေ ထိုင်သူ | အခြားရွာမှ လာသူ | (၂) ကျန်းမာရေး | ရွာတွင်နေ ထိုင်သူ | အခြား ရွာမှ လာသူ | (၃) လက်မှုပညာရှင် | ရွာတွင် နေထိုင်သူ | အခြားရွာ မှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေး ဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝါးသမား | ☐ | ☐ |
| ကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား၊ | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

အကြောင်းအရာ

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စုဖ၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.75 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီး

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - [illegible]

လက်မှတ် [illegible] နေ့စွဲ 6.6.2020

မှတ်တမ်းစုဆောင်းရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 6.6.2020

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

ပုံစံ - ၈-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။


စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - နန်းသူဇာထွီး

နေ့စွဲ 15.6.2020 | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | ကျက်တရုံရွာ | ကော့ကြား |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား | အမျိုးသမီး | အိမ်ထောင်စု | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15.6.2020 | 15.6.2020 | 21 | 28 | 49 | 49 | ပိုးကရင် | 56 | 87.50% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 15.6.2020 | 15.6.2020 | 21 | 28 | 49 | 49 | ပိုးကရင် | 56 | 87.50% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းသူဇာဖြိုး |
| နေ့စွဲ 12.6.၂၀၂၀ စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁)□ စက်ဝန်း(၂)☑ စက်ဝန်း(၃)□ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကရင် \| လှိုင်းဘွဲ့ မြို့နယ် \| ကျေးရွာအုပ်စု ကြက်တူရွေး \| ကျေးရွာ ကော့ကြား |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း -

ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၁။ ဆေးဖိုးမရှိသောကြောင့် ကျောင်းသူ/သားများ အကျိုး ရာတွင် အခက်အခဲရှိခြင်း။ | □ ကျား ☑ မ □ ကျား + မ |
| ၂။ သောက်သုံးရေ မလုံလောက်သောကြောင့် ကျောင်းသူ/သားများ ချက်ပြုတ် စားသောက်ရာတွင် အခက်အခဲဖြစ်ခြင်း။ | □ ကျား □ မ ☑ ကျား + မ |
| ၃။ လမ်းဆက်သွယ်ရေး မကောင်းသောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း။ | ☑ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၁။ ဖိုးရလာလျှင် ကျောင်းသူ/သားများ ပညာရေး အသိအမြင် တိုးပွား လာမည်။ | □ ကျား ☑ မ □ ကျား + မ |
| | □ ကျား □ မ ☑ ကျား + မ |
| ၂။ သောက်သုံးရေ လုံလောက်စွာ ရရှိလာလျှင် ချက်ပြုတ်စားသောက် ရာတွင် အဆင်ပြေလာမည်။ | ☑ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |
| ၃။ လမ်းဆက်သွယ်ရေးကောင်းလာလျှင် သွားလာရာ အဆင်ပြေလာမည်။ | □ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့်သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာစု ဆိုလာမီးလင်းရေး | မ | မီးလင်းရေး | 4000000 | 186 | 202 | 388 |
| ၂ | တောင်ကျေးရွာ ရေသွယ်တန်းခြင်း | ကျား+မ | ရေပြည့်သုံးစွဲရေး | 42000000 | 186 | 202 | 388 |
| ၃ | ရွာချင်း ဆက်လမ်း ကျောက်ကျောလမ်းခင်းခြင်း | ကျား | လမ်းပန်းဆက်သွယ်ရေး | 31400000 | 186 | 202 | 388 |
| ၄ | | | | | | | |
| ၅ | | | | | | | |
| ၆ | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦးအောင်နေဦးမိုး ---------- လက်မှတ် [signature] ---------- နေ့စွဲ 6.6.2016

# ၁၁။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် ကော့ကြား    ရက်စွဲ/နေ့ရက်- 21-6-2019

ကျေးရွာအုပ်စုအမည်- ကြက်ဝှက်ရွာ    နေရာ ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ ပထမ+ဒုတိယအဆင့် ကြိုတင်အစည်းအဝေး

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

ပထမဦးစွာ အစည်းအဝေးတက်ရောက်သူစာရင်း PC-11 ကိုကောက်ယူခဲ့ပါသည်။ ထို့နောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦး... အနေဖြင့် အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေး၊ လူထုပူးပေါင်းပါဝင်ရေး အစည်းအဝေးပြီးမြောက်အောင် [illegible] ရန်နှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးရန် ပြောကြားခဲ့သည်။ ထို့နောက် လူထုစုစည်းရေး [illegible] ကို ကျေးရွာလူထုအား ရှင်းပြခဲ့ပြီး အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းပြခဲ့ပါသည်။ စီမံကိန်း (၁၅) ချက်ကို လူထုစည်းရုံးရေးမှူးမှ ကျေးရွာလူထုအား ပြန်လည်တင်ပြပြီး စီမံကိန်းလက်စွဲ အကြောင်းကိုပါ ပြန်လည်ပြောပြခဲ့ပါသည်။ ထို့နောက် ပထမအဆင့်တွင်ရွေးချယ်ထားသော စောင့်ကြပ်ရေးကော်မတီကို ပြန်လည်အတည်ပြုခဲ့ပါသည်။ ယခုအဆင့်တွင် ဆွေးနွေးပြီးသားဖြစ်သော PRA tools (၆) ခုအကြောင်းကို ယခုအဆင့်တွင် ကျေးရွာလူထုကို ပြန်လည်သုံးသပ်စေပါသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးနှင့် ကော်မတီနည်းပြမှူးတို့က ပထမအဆင့်တွင် ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်သော ကျေးရွာ၏ အခက်အခဲ၊ ဦးစားပေးချက်နှင့် လုပ်ငန်းစဉ်များကို ကျေးရွာလူထုအား ပြန်လည်သုံးသပ်ဆွေးနွေးစေသည်။ ထို့နောက် ကျေးရွာလူ

ထုက သုံးသပ်ဆွေးနွေးပြီး အခက်ခဲ ဖြေရှင်းချက်နှင့် ဦးစားပေး လုပ်ငန်းများကို အတည်ပြုကြသည်။

ထို့နောက်တွင် ရွာထုစည်းရုံးရေးမှူးက ဦးစားပေး လုပ်ငန်းများ အဆင့်ပြောင်းလဲမှု ရှိ/မရှိ မေးမြန်းခဲ့သည်။ ကျေးရွာလူထုကလည်း ဦးစားပေး လုပ်ငန်းအဆင့်ကို ပြန်လည်ရွေးချယ်ရန်မလိုဟု ပြောသည်။ ထို့နောက် ဦးစားပေး လုပ်ငန်း ၄ခု အဆင့်များကို အဆိုပြုရန်အတွက်ဖြစ်သော ရွေးချယ်ပြီး ကျေးရွာလူထုက သဘောတူ အတည်ပြု ရွေးချယ်သတ်မှတ်လိုက်သည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူးမှ ကျေးရွာလူထု ရွေးချယ်ထားသော လုပ်ငန်းခွဲများကို အကျုံးဝင်/မဝင် ကြောင်း ပြန်လည်ရှင်းပြခဲ့ပြီး အကြောင်းအကျိုးအကြောင်းကိုလည်း ပြောကြားခဲ့သည်။ ထို့နောက် ရွာထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့က ကျေးရွာ စီမံခန့်ခွဲမှု အဖွဲ့အား ပြန်လည်အတည်ပြုရန် ကော်မတီဝင်များအား ၎င်းတို့၏ ဆန္ဒကို မေးမြန်းခဲ့ပြီး ကျေးရွာလူထုက သဘောတူပါက ဆက်လုပ်ရန် ဆန္ဒရှိသည်ဟု ပြောခဲ့သည်။ ဆက်လက်ပြီး ကော်မတီဝင်များအား ၎င်းတို့၏ တာဝန်ဝတ္တရားနှင့် စောင့်ရှောင်ရန်များ အကြောင်းကို ထပ်မံရှင်းပြခဲ့သည်။

နောက်ဆုံးတွင် ကျေးရွာစီ/ထောက်ကူဥက္ကဋ္ဌ ဦးအောင်စိုး - က မှာစကားတော် ပူးပေါင်းပါဝင်မှုအား ကောင်းအောင် ပါဝင်ကြရန်နှင့် အစည်းအဝေးကို ရာနှုန်းပြည့် တက်ရောက်ကာ အစည်းအဝေး ပြီးမြောက်သည်ထိ ပါဝင်ဆွေးနွေးခဲ့ကြသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက်တွင် ရွာထုစည်းရုံးရေးမှူးမှ အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာကာ နိဂုံးချုပ်လိုက်သည်။

မှတ်တမ်းပြုစုသူ - အမည် -စိုင်းအောင်သာဖြ လက်မှတ်- Sa နေ့ရက်-21.6.2019

အတည်ပြုသူ - အမည် -ဦးအောင်စိုး လက်မှတ်-(လက်မှတ်) နေ့ရက်-21.6.2019

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား

ကျေးရွာ - ကော့ကြား

ကျေးရွာအုပ်စု - တက်တူရွာ

| ကဏ္ဍ | ဦးစားပေးအဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ထောက်ပံ့ခဲ့သည့်အဖွဲ့အစည်း(သို့) မှာ | ခုနှစ် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | |
| [illegible] | ၁။ | ရွာတွင်းကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း | | | ကျား+မ | CDD | 2021 |
| | ၂။ | ဆိုလာလမ်းမီး | | မ | | CDD | 2023 |
| | ၃။ | တောင်ကျရေသွယ်တန်း ရေး | | | ကျား+မ | CDD | 2023 |
| | ၄။ | ရွာချင်းဆက်လမ်း (ကော့ကြား+တကုသို) | ကျား | | | CDD | 2023 |
| [illegible] | | | | | | | |
| [illegible] | | | | | | | |
| [illegible] | | | | | | | |